


# ဆေးရောင်စုံတဲ့ ၂၀၀၉ ခုနှစ်

ဒီလိုနဲ့တနှစ်တော့ဖြင့်ကုန်ပြန်ပြီ။

ကမ္ဘာကြီးဟာ စီးပွားရေးကပ်ထဲက လူးလွန့်ရုန်းထနေရဆဲ၊ တချို့လည်းလွတ်ထွက်လာ၊ တချို့လည်းနစ်ဆဲ။ ဒီလိုအခါမှာ ဗမာပြည်ရဲ့စီးပွားရေးကတော့ ဘာမှထူးမလာ။ ဆန်ထွက်တွေကျ၊ အလုပ်လက်မဲ့တွေ ပိုများ၊ ကုန်ဈေးနှုန်းတွေ ပိုတက်ပြီး ပြည်သူတွေ ဒုက္ခဝဲထဲမှာ ချာလပတ် ရမ်းနေပါတယ်။ ဒီလိုအချိန်မှာ နအဖ က ပြည်သူလူထုအတွက် စီးပွားရေးနယ်ပယ်မှာ လက်ဆောင်တခု ပေးလိုက်ပါတယ်။ အဲဒါကတော့ ၅၀၀၀ တန် ငွေစက္ကူ။ နောက်ပြီးတော့ အခွန်နှုန်း တိုးမြှင့်တာ။ ဒီတော့ နအဖရဲ့၅၀၀၀ တန်ကိုလည်း မယုံ၊ ဒေါ်လာအပေါ်လည်း မပုံရဲ့ကြတဲ့ ဒီနိုင်ငံမှာ တခြားနိုင်ငံများနည်းတူ ရွှေဈေးထောင် တက်သွားပါတယ်။

တိုင်းပြည် တပြည်အနေနဲ့ပြောရရင် ၂၀၀၉ ခုနှစ်အတွင်း ဗမာပြည်နိုင်ငံရေးမှာ အဖြစ်အပျက်တွေ အင်မတန်မှ များခဲ့ပါတယ်။ အဖြစ်အပျက်မှ ကမ္ဘာကအာရုံစိုက်ရတဲ့၊ ကမ္ဘာမှာ ကြုံတောင့်ကြုံခဲ အဖြစ်အပျက်တွေပါ။ သတင်းစာဂျာနယ်တွေရဲ့ မျက်နှာဖုံးတွေမှာ မကြာခဏ တွေ့ရတဲ့သတင်းတွေ ဖြစ်ပါတယ်။ ဒီအထဲက ထိပ်ဆုံးထား ပြောသင့်တာကတော့ နိုင်ငံတကာ့ ခွင်က ကိစ္စဖြစ်ပါတယ်။

နအဖ က ယက်တော ဒီပလိုမေစီ လမ်းကြောင်းဖောက်လိုက်တဲ့အချိန်ကစပြီး နအဖ ဗိုလ်ချုပ်တွေကို အမေရိကန်က လူရာသွင်း ဆက်ဆံဖို့ လုပ်လာတာတွေ တွေ့ရပါတယ်။ ဆီနေတာဂျင်ဝက်ဘ်၊ ဒုနိုင်ငံခြားရေးဝန်ကြီး ကပ်ကင်းဘဲလ် စသဖြင့် ဝါရှင်တန်က လူတွေဗမာပြည်ကိုလာခဲ့ကြသလို ဗိုလ်သန်းစိန်အပါ ကြပ်ပြေးကစေလွှတ်သူတွေလည်း အမေရိကန်ကို ခြေချနိုင်ခဲ့ကြပါတယ်။ ဒီနှစ်ကို ဝါရှင်တန်နဲ့ ကြပ်ပြေးရွှေလမ်းငွေလမ်းဖောက်ဖို့ ကြိုပမ်းကြတဲ့နှစ်လို့ ပြောရင်တောင်ရပါတယ်။ ဒါပေမဲ့လမ်းပေါက်သွား၊ အောင်မြင်သွားတယ်လို့တော့ ပြောမရသေးပါဘူး။ အရှေ့တောင်အာရှနဲ့ အရှေ့အာရှက ပြောင်းလဲဖြစ်ပေါ် တိုးတက်မှုတွေကို ကြည့်ပြီး နောက်ကျမကျန်ချင်တဲ့ အိုဘားမားအစိုးရဟာ ကြပ်ပြေးကို လမ်းကြောင်း ပြောင်းပြီး ဆက်သွယ်ဖို့ အလေးအနက်လုပ်ခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ အခုအထိ အနေအထားကိုပြောရရင် သမတ အို ဘားမားဟာ လိုဏ်ခေါင်းထဲမှာ ပိတ်မိသလိုဖြစ်နေပြီး ပြန်ထွက်မရ၊ ရှေ့ဆက်တိုးမရ ဖြစ်နေပါတယ်။ ဗိုလ်သန်းရွှေတို့အပေါ် မစ္စတာ အိုဘားမားအတွက် လွဲလေရော့သလား စဉ်းစားစရာတောင် ဖြစ်နေပါတယ်။ ဒါနဲ့တဆက်ထဲမှာပဲ ဗမာပြည်သား တ ယောက်အနေနဲ့ကတော့ ဒီနှစ်ဟာ ဗမာပြည်ကို ကျွဲနှစ်ကောင်အကြားက မြေဇာပင် စဖြစ်စေတဲ့ နှစ်အဖြစ် သမိုင်းမဝင်ပါစေနဲ့ လို့ ဆုတောင်း ရမလို ဖြစ်နေပါတယ်။

နအဖ ဗိုလ်ချုပ်တွေ အခုလို နိုင်ငံတကာ အသိုင်းအဝိုင်းထဲကို တိုးဝင် လုံးပမ်းတာနဲ့အမျှ ပြည်ပက ယုံကြည်လာအောင် ပြည်တွင်းရေးမှာ ဟန်ပြ လုပ်ငန်းတွေ၊ အများကြီး လုပ်လိမ့်မယ်လို့ တချို့က မျှော်လင့်ယူဆခဲ့ကြပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ထင်သာထင် မဝင်ဘူး ဖြစ်ခဲ့ရပါတယ်။ မူဆိုင်ရာကိစ္စတွေလို့ သူတို့ သဘောထားတဲ့ကိစ္စတွေမှာ တပြားသားမှ လျှော့ပေးတာ မတွေ့ခဲ့ရပါဘူး။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သက်လို့ဖြစ်စေ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပတ်သက်လို့ဖြစ်စေ သူတို့ဖက်ကပြတ်မြဲ ပြတ်ပါတယ်။ သူတို့ရဲ့လမ်းပြမြေပုံနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကိုတော့ ယင်တောင် အနားမခံပါဘူး။

ဒီ၂၀၀၉ ခုနှစ်ထဲမှာ လူတွေ မျှော်လင့်ထားပေမဲ့ ပေါ်ထွက်မလာတဲ့ အရာတခုကတော့ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် ဥပဒေနဲ့တခြားဆိုင်ရာ ဥပဒေစည်းမျဉ်းတွေပါပဲ။ လာမယ့်ရွေးကောက်ပွဲမှာ ဘယ်သူတွေကို အဝင်ခိုင်း မယ်၊ တနည်းအားဖြင့် လာမယ့် အစိုးရမှာ သူတို့ထဲကဘယ်သူတွေကို တာဝန်ကြီးကြီးတွေပေးမယ် ဆိုတာတွေနဲ့ပတ်သက်ပြီး နအဖ ထိပ်သီးတွေအကြားမှာ ဆုံးဖြတ်လို့ မရနိုင်အောင် ဖြစ်နေတယ်လို့ အကဲခတ်တွေက ထင်ကြေးပေးနေကြပါတယ်။ ဒါပေ မဲ့ ထင်ထားတာထက် ပိုတွေ့ရတယ်လို့ ယူဆရတာကတော့ ရွေးကောက်ပွဲဝင်လိုသူတွေနဲ့ ရွေးကောက်ပွဲဝင်အောင် (နအဖ ကိုယ်စား) သဘောတရား ထုတ်ပေးနေသူတွေရဲ့ပျားပမ်းခတ် လှုပ်ရှားမှုတွေ ဖြစ်ပါတယ်။ ပြည်ပက အထောက်အပံ့၊ နအဖ အထောက်အပံ့ စတာတွေကိုပြောင်ယူသူ၊ တိတ်တိတ်ယူ သူတွေ၊ ကိုယ့်ကိုယ်ကို တတိယအုပ်စု၊ စတုတ္ထအုပ်စုလို့ ကြွေညာနေသူတွေ၊ နအဖထီးရိပ်ကနေပြီး တခြားလူတွေကို တိမ်ပေါ်တက် စိန်ခေါ်မယ်လို့ကျူးရင့်နေသူတွေ၊ ဗိုလ်သန်းရွှေရဲ့ မျက်နှာကိုကြည့်ပြီး သဘောတရားမျိုးစုံကို အမြှုပ် ထွက်မတတ်ပြောနေသူတွေ၊ စုံမှစုံပါပဲ။

တိုက်တိုက်ဆိုင်ဆိုင် တလောလေးကပဲ နအဖ သဘောထားတွေကို အငှားပစပ်နဲ့အော်ပေးနေတဲ့ အဖွဲ့တဖွဲ့က လူတွေကို လှိုင်သာယာမှာ ကြံ့ဖွတ်တွေက ဝိုင်းဆုံးမလိုက်ကြတယ်ဆိုတာ ကြားလိုက်ရပါတယ်။ ဒါကတော့ နအဖအတွက် အငှားဗိုက်နဲ့ဓားထိုး ခံရတာမဖြစ်နိုင်ပါဘူး။ ဒီ အဖြစ်အပျက်ကို ကြည့်ပြီးတော့ ဒီနိုင်ငံမှာက ဖော်လံဖားတိုင်းလည်း စားသာတာ မဟုတ်ဘူးလို့ အရပ်ပြော ပြောလို့ရပါတယ်။ ဒါပေမဲ့ တချို့ကတော့ အဲဒီ အရိုက်ခံရသူတွေရဲ့နောက်ကျောက ပုဂ္ဂိုလ်ကြီး အရေးနိမ့်တာနဲ့များ ဆက်စပ်နေသလားလို့လည်း တွေးတောနေကြပါတယ်။

အပစ်ရပ် အဖွဲ့တွေအဖို့တော့ ဒီနှစ်ဟာ ပြင်းပြင်းထန်ထန် အစမ်းသပ်ခံရတဲ့ နှစ်လို့ဆိုရပါမယ်။ နှစ်ပါးသွားခန်းပြီးလို့ ဘီလူးခန်း ရောက်ပြီလို့ ပြောရမလားပါပဲ။ ဗကပ လက်အောက်က အစောဆုံး ခွဲထွက်ခဲ့တဲ့၊ အပစ်ရပ် ဇာတ်လမ်းကို စတင်ခဲ့တဲ့ ကိုးကန့်အဖွဲ့ကတော့ အစောဆုံး ဇီဝိန်ခွေ ခံလိုက်ရပါတယ်။ စစ်အာဏာရှင်တွေနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်တယ်ဆိုတာ အကန့်အသတ်ရှိကြောင်း ပြသ နေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီပွဲမှာ အောင်နိုင်လိုက်တယ်ဆိုတဲ့ နအဖ ခြေလှမ်းတုန့်သွားပါတယ်။ ကျန် အပစ်ရပ်တွေကို ပေးထားတဲ့ ရာဇသံတွေ၊ နောက်ဆုံးရက်ဆိုတာတွေဟာ လျှော့လို့၊ ရွှေ့လို့ရတဲ့ဟာတွေလို့ ထင်မြင်လာရတဲ့အခြေကို ဆိုက်လာနေပါတယ်။ ပြည်တွင်းပြည်ပ အခြေအနေတွေဟာ နအဖ စစ်ဗိုလ်ချုပ်တွေ ထင်တိုင်းလုပ်လို့ မရတဲ့ အဓိပ္ပာယ်လို့ဆိုရင် မှားမယ်မထင်ပါဘူး။

နှစ်စဉ် နှစ်တိုင်းလိုပဲ ကောလာဟာလတွေကလည်း မိုးလုံးပြည့်ဆိုရမတတ် ကြားခဲ့ကြရပါတယ်။ ဒီနေရာမှာ ကောလာဟာလ ဆိုတာ တကယ်ဖြစ်မလာတဲ့၊ မဟုတ်တဲ့ သတင်းကို ဆိုလိုတာပါ။ နအဖ က တမင်လွှင့်တာ၊ တချို့နအဖကို မကြိုက်သူတွေက တမင် လွှင့်တာ၊ သာမန်လူက မရည်ရွယ်ပဲ လွှင့်သလို ဖြစ်သွားတာ၊ အမျိုးမျိုးပါပဲ။ ဒီနိုင်ငံမှာ ပွင့်လင်းမှုမရှိလို့ ကောလာဟာလတွေ ဒါလောက်တောင်များနေ၊ ပျံ့နေတာလားလို့ တွေးစရာ ဖြစ်နေပါတယ်။ အလွယ်ပြောရင်တော့ "ဒါကိုက ဗမာပြည် နိုင်ငံရေးပဲလေ"ပေါ့။

ဒါပေမဲ့ ဒီကုန်လွန်တဲ့နှစ်မှာ အစုပြောခဲ့သလို ကိစ္စဆိုးတွေချည့်လို့ပြောရင်တော့ မှားပါလိမ့်မယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ရွှေဂုံတိုင် ကြေညာချက်ကို ထုတ်ပြန်လိုက်တာဟာ ပြည်သူတွေအတွက် အားရစရာ ခြေလှမ်းဖြစ်သလို အတိုက်အခံတွေ အတွက်လည်း အချင်းချင်း တွဲလုပ်လို့ရတဲ့ အခြေခံတခု ရလိုက်တာ ဖြစ်ပါတယ်။ ဒီကြေညာချက်ကို ဘယ်လိုသဘောထားသလဲ ဆိုတာဟာ နိုင်ငံရေး အင်အားစုတွေ၊ လူတဦးချင်းတွေကို စမ်းသပ်တဲ့ မှတ်ကျောက်တခု ဖြစ်လာခဲ့ပါတယ်။ တချိန်ထဲမှာ ဒါဟာ နအဖ စစ်အစိုးရအတွက်လည်း တမင် မျက်နာလွှဲနေ၊ မမြင်ချင်ဟန် ဆောင်နေရတဲ့ ပြည်သူ့ဆန္ဒ သတိပေး မှတ်တိုင်တခု ဖြစ်နေပါတယ်။ ဒါနဲ့ တဆက်ထဲ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှာ အားတက်စရာ အပြောင်းအလဲ တချို့လည်း တွေ့လာရပါတယ်။ ၂၀၁၀ ခုနှစ်ဆိုတဲ့ မုချ ပိုမို ကြမ်းတမ်းမယ့် လမ်းကို ဖြတ်သန်းဖို့အတွက် ဂီယာပြောင်းတာ၊ ကားဆရာ ပြောင်းတာတွေ တွေ့ရတာဟာလည်း ကောင်းတဲ့ လက္ခဏာပါ။

ပြန်ချုပ်ရရင်

ဒီ၂၀၀၉ ခုနှစ်ကို ကိုယ်စားပြုတဲ့ ကိန်းဂဏန်း နှစ်ခုကတော့ ၅၀၀၀ တန် ငွေစက္ကူနဲ့ ထောင်ထဲမှာ သေဆုံးတဲ့ နိုင်ငံရေး အကျဉ်းသား သုံးဦးဖြစ်ပါတယ်။

အိမ်ဖြူတော်နဲ့ နေပြည်တော် ပုံမှန် ဆက်ဆံမှု တည်ဆောက်ရေးကို ကိုယ်စားပြုတဲ့ အမှတ်သင်္ကေတကတော့ ဘောဂဗေဒ ပညာရှင် မစ္စတာစတစ်ဂလစ်ဇ်က "ဗမာပြည်အဖို့ အခုအချိန်ဟာ အပြောင်းအလဲတခုအတွက် အကောင်းဆုံး အချိန်ပဲ"လို့ ပြောခဲ့တာနဲ့ အဲဒါကို တုန့်ပြန်တဲ့အနေနဲ့ နအဖ စစ်အစိုးရက ဒေါ်လာ သန်း၆၀၀ ဖိုး စစ်လေယာဉ်တွေ ဝယ်လိုက်တာ ဖြစ်ပါတယ်။

ရဲဘော်ဖိုးသံချောင်း